

ဝေမင်းအိမ်
ဂဝိမျက်နှာပုံး

# (၁)

# ချောင်ကျကျစားပွဲ

ရန်ကုန်မြို့ စမ်းချောင်းရပ်မှ လမ်းကျယ်ကြီးတစ်ခုပေါ်တွင် အမြဲတမ်း လူပြည့်နေသည့် လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင် ရှိလေ၏။ 'ဘလက်ဆဲဗင်းကဖေး' ဟူသော ခပ်ဆန်းဆန်း နာမည် နှင့် လိုက်ဖက် အောင်လည်း လွန်စွာထူးခြားဆန်းပြားသော ဆိုင်တစ်ဆိုင်ပင် ဖြစ်လေ ၏။ ထိုဆိုင်ကြီး၏ ပိုင်ရှင်မှာ 'မတရုတ်မ'ဟုခေါ်သော လွန်စွာ အသား မည်း နက်နေသည့် မိန်းမကြီးတစ်ယောက်ပင် ဖြစ်လေ၏။ ဤမျှ အသား မည်း နက်သူကို တရုတ်မဟု မည် သူက မှည့်ခေါ်ခဲ့သည်ကိုတော့ မည် သူ ကမျှ အတတ်မပြောနိုင်ပေ။ ထို့ထက် ထူးဆန်းသည်ကား အသားမည် း မည် းနှင့် မတရုတ်မကြီး ပိုင်ဆိုင်သော 'ဘလက်ဆဲဗင်းကဖေး'တွင် မတရုတ်မထက် ပို၍ အသားမည် းနက်သော အသက်လေးဆယ်ခန့် မိန်းမကြီးခြောက်ယောက် ရှိလေ၏။ အားလုံးသည် မတရုတ်မ၏ အမျိုး များ ပင် ဖြစ်လေ၏။ မျက်နှာပေါက်ဆိုးပုံမှာ လည်း မတရုတ်မကဲ့သို့ ထပ်တူ ဖြစ်လေ၏။ ထိုမိန်းမ မည် းမည် းကြီး ခြောက်ယောက်အနက် ဒေါ်ဖြူကြီးဟုခေါ်သော အမည် းဆုံး မိန်းမကြီးက လက်ဖက်ရည် ကော်ဖီဖျော် ဆရာမကြီး ဖြစ်လေ၏။

ဒေါ်စံပယ်၊ ဒေါ်ပန်းဖြူ၊ ဒေါ်ဖြူလေး၊ ဒေါ်ကြွက်ဖြူ၊ ဒေါ်မိုး ဖြူ စသည့် မည် းမည် းမိန်းမကြီးငါးယောက်က တက်ညီလက်ညီ စားပွဲထိုး ကြလေ၏။ မုန့်မျိုးစုံကိုလည်း သူတို့ပင် လုပ်ကြသည်။ နံပြား၊ အီကြာ ကွေး၊ စမူဆာ၊ ပလာတာစသည့် လက်ဖက်ရည်ဆိုင် မုန့်အားလုံးကို ကျွမ်းကျင်စွာ လုပ်နိုင်သူများ ဖြစ်လေ၏။

ဒေါ်ဖြူကြီးဖျော်သော လက်ဖက်ရည်ကို တစ်ခါသောက်မိရုံနှင့် ဤဆိုင်သို့ နေ့စဉ်လာ၍ သောက်ချင်နေကြကြောင်း လူတိုင်းက ပြော ကြလေ၏။

ငွေသိမ်းကောင်တာတွင် မိန်းမ မည် းမည် းကြီးတစ်ယောက်၊ ဖျော်ခုံတွင် တစ်ယောက်၊ မုန့်လုပ်သည့်နေရာတွင် နှစ် ယောက်၊ ဆိုင် ထဲတွင် လက်မလည်အောင် စားပွဲထိုးနေသူက သုံးယောက်ဖြင့် တစ်နေ့ ကုန် မနားတမ်းရောင်းဝယ်နေရသော 'ဘလက်ဆဲဗင်းကဖေး'တွင် ထိုင်စရာရရန် စောင့်၍ သောက်ကြရလေ၏ ။

ငှင်းမည် းမည် းကြီးခုနစ်ယောက်သည် အသားမည် း၍ အရုပ် ဆိုးသလောက် လူမှုဆက်ဆံရေး တွင် အလွန် ကောင်းကြသူများ ဖြစ်ကြ လေ၏ ။ ဇင်းတို့ဆိုင်သို့ နေ့စဉ်လာရောက်စားသောက်ကြသော စားသုံး သူများ ၏ အနွံအတာကို အလွန် ခံနိုင်ကြသူများ ဖြစ်လေရာ စမ်းချောင်း ရပ်ရှိလူများ သာမကဘဲ ကြည့်မြင်တိုင်ဘက်မှ လူများ ပါ လာရောက် စားသောက်ကြလေ၏ ။ ဆိုင်ရှင် မတရုတ်မကြီးသည် တစ်နေ့တခြား စီးပွားတက်လာကာ ဝါးထရံ ဓနိမိုးမှ ပျဉ်ထောင် သွပ်မိုး ဖြစ်လာခဲ့လေ တော့၏ ။

တစ်နေ့သ၌ မည် းမည် းကြီးများ ၏ 'ဘလက်ဆဲဗင်းကဖေး' တွင် ချောင်အကျဆုံးစားပွဲ၌ အသက်လေးဆယ်ခန့်ရှိ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ထားသော လူနှစ် ယောက် အကျအနထိုင်ကာ လက် ဖက်ရည် သောက်နေကြလေ၏ ။ ထိုလူနှစ် ယောက်ကို ခပ်လှမ်းလှမ်းမှ ကြည့်လျှင် အလွန် သပ်ရပ်ခန့်ညားသူများ ဟု ထင်ရသော် လည်း အနားသို့ ကပ်၍ ကြည့်မိလျှင်တော့ နှစ် ယောက်စလုံး နှုတ်ခမ်းကွဲကြီးများ နှင့် ဖြစ်နေကာ စကားပြောလျှင်လည်း နှုတ်ခမ်းကွဲသူများ ၏ ထုံးစံအတိုင်း မပီမသနှင့် နှာခေါင်းသံပါနေသည်ကို တွေ့ ရပေလိမ့်မည် ။ နှုတ်ခမ်းကွဲ သူများ သည် နှုတ်ခမ်းသာကွဲလျှင် စကားပီနိုင်သေးသော် လည်း အာ ခေါင်အထိ ကွဲလျှင် စကားကို မည် သို့ မျှ ပီအောင်ပြောနိုင်ခြင်း မရှိကြပေ။ ထိုသူနှစ် ယောက်၏ အမည် မှာ ကိုတင်နှင့် ကိုခင် ဖြစ်၍ နှစ် ယောက် စလုံးသည် အာခေါင်အထိကွဲသူများ ဖြစ်လေရာ ကိုတင်ရော ကိုခင်ပါ စကားကို ပီအောင်မပြောနိုင်ကြပေ။

ငှင်းအပြင် ကိုတင်က နှုတ်ခမ်း၏ ညာဘက်တွင် ကွဲနေသဖြင့် လက်ဖက်ရည်သောက်လျှင် ဘယ်ဘက်သို့ ခပ်စောင်းစောင်းကလေး လုပ်၍ သောက်ရလေ၏ ။ ကိုခင်ကမူ နှုတ်ခမ်း၏ ဘယ်ဘက်တွင် ကွဲနေ သဖြင့် လက်ဖက်ရည်သောက်လျှင် ညာဘက်သို့ ခပ်စောင်းစေင်းကလေး လုပ်၍ သောက်ရလေ၏ ။ ဤသို့ စောင်း၍ မသောက်လျှင် နှုတ်ခမ်းကွဲသည့် နေရာမှ လက်ဖက်ရည်များ အမြဲဖိတ်ကျသော ကြောင့် စောင်း၍ သောက် ကြရခြင်း ဖြစ်လေသည်။ လက်ဖက်ရည်တစ်ငုံစီ သောက်ပြီးသော အခါ သေသေချာချာ အရသာခံနေကြပြန်လေ၏ ။ ပြီးလျှင် ကိုတင်ကစ၍ စကားပြောလေ၏ ။ ကိုခင်ကလည်း ကိုတင်ပြောသော စကားကို သေသေ ချာချာ အာရုံစိုက်၍ နားထောင်လေ၏ ။

''မိတ်ဆွေကြီး ကိုဟင် ကြားဟီးဟလားရ''

''ဟင် ...ဘာဟားလဲရို့၊ ဟရင်း ဟူးရင်လည်း ရန်ရန်ပြော ရေရာ''

''ကိုဟင်ရေ၊ ဟရင်း ရရော့ ဟူးလိုက်ဟာ ဟပြောပါနဲ့တော့''

''ဟာ ...ဒါဆိုဟင်လည်း ဟောလေရာ''

ကိုတင်ပြောမည့်သတင်းကို ကိုခင်က မစောင့်နိုင်တော့သဖြင့် ခပ်မြန်မြန် ပြောခိုင်းလေ၏ ။ ထိုအခါ ကိုတင်က လက်ဖက်ရည်ကို ခေါင်းကလေးခပ်စောင်းစောင်းလုပ်၍ တစ်ကျိုက်သောက်လိုက်ကာ

''ကျုပ်နို့အိမ်နဲ့ ကပ်ရေနဲ့ ရှန်ဝင်းကို ကိုဟင် သိနယ်ဟုတ်နား''

''သိနာပေ့ါရ၊ တငွေးဟူးသာဆန်းရဲ့ မရင်နယ်နေဗျာ''

''ဟုတ်ပဗျာ၊ အဲ ...နာ ညာက တငွေဟူးသာဆန်းက ည ချစ်နာရီမှာ ရောက်နာတယ်''

''ကိုတင်ကနဲရာ တငွေးက တူ့ မရင်နယ်အိမ်ကို လာနာပဲ။ ဟူးနဲ့ကိစ္စမှ

မနှုတ်တာ''

''ဟင်ညာ၊ အဲဒါကြောင့် ခက်နာပေါ့။ ပြောနဲ့မစငှားကိုလည်း ဆုံးရောင်နားထောင်ရေရာ''

''အင်း ...ဆေားနီးပါညာ၊ ကျူပ်က အားညီးစိတ်ညန်တာရို့''

''ဒီနို့ဗျ၊ တင္ဒေးသာဆန်းက ညချစ်နာရီမှာ ရောက်ရာပြီး သူ မရင်နယ်နဲ့နေပြီး သူ့အရုပ်ကိတ်ရှုမှာ ဝေလိုလို့ ဆိုပြီး မိန်းမရှိမှာ အပ်ထားတဲ့ ဝေတွေ အားလုံးညူပြီး ပြန်သွားတယ်''

''အင်း ...အဲ့နီနော့''

''ညဆယ်နာရီမှာ တင္ဒေးဦးသာဆန်း တစ်ခေါက်ရောက်လာ နယ်ဗျ။ နီတော့ သူ့မရင်နယ်က ဘာကျန်ခဲ့လို့ ပြန်လာတာနဲနို့ မေးတယ် ဗျ''

''အင်း ...အဲနီနော့''

''အဲနီနော့ လင်မယား အကြီးအကျယ် ရန် ဖြစ်တော့နာပေ့ါ ဗျာ''

''ဟင် ...ဘယ်နို့ကြောင့်တုံးဗျ''

''ဘယ်နို ဖြစ်ရမှာ နဲ ကိုဟင်ရဲ့။ တင္ဒေးသားဆန်းက သူ ဒီည တစ်ခါမျှ မလာသေးဘူးနို့ ပြောတယ်နေ''

''ဟင် ...ဘယ်နိုနဲ့ဗျ''

''ဟုတ်တယ် ကိုဟင်ရဲ့၊ သူ့မရင်နယ်က ပြောနော့ပေ့ါ။ ကို သာဆန်း ချစ်နာရီက လာတဲ့အကြောင်း၊ ဝေတွေ ယူသွားတဲ့အကြောင်း တွေ ပြောနာပေ့ါနေ။ ဒီမှာ တင် တင္ဒေးက အဲဒါ သူမဟုတ်ဘူး။ သူ့ ဟန်ဆောင်ပြီး တခြားသူက လာယူသွားနာလို့ ပြောနယ်''

''ဟင် ...ထူးချန်းနှချည်နားဗျ''

''ဟုတ်တယ် ကိုတင်၊ တဒွေးလင်မယားနဲ့ ဘာလုပ်ရမှန်း မသိတော့ဘဲ ပနိပ်ဖက်ကို တိုင်ရမနို၊ အုပ်ထားရမနိုနဲ့ ဘာနှုတ်ရမှန်း မသိအောင် ဖြစ်ကြနာပေါ့''

''ဟာ ...ငွေ ဘယ်နှောက်ပါသွားနို့လဲဗျ''

''အနိအကျနေ့ မတိဘူးဗျို့။ များ နေ့များ နဲ့ပုံပဲ''

''သာဆန်း မရင်နယ်ကတော့ ချစ်နာရီက ငွေတွေ လာယူနဲ့ သူက တခြားသူမဟုတ်ဘူး။ သူ့ယောက်ျားကိုသာဆန်းမှ ကိုသာဆန်း ပါ နို့ ပြောနယ်ဗျ။ ကိုသာဆန်းကနဲ သူ မဟုတ်နဲ့အကြောင်းကို ကျိန် တွယ်ပြီး ပြောနာပဲဗျို့''

''အင်း ...ခေတ်ကာလများ တယ်လည်းကြောက်စရာကောင်း ပါနားဗျို့''

ဟု ပြောရင်းမှ ခေါင်းကလေးများ ခပ်စောင်းစောင်းလုပ်ကာ လက်ဖက်ရည် သောက်နေကြလေတော့၏။

ထိုအချိန်မှာ ပင် မည် းမည် းကြီးခုနစ်ယောက်၏ ကဖေးဆိုင်တွင် ရှိသော အခြားချောင်ကျကျစားပွဲ ခုံတစ်ခုံတွင် လူနှစ် ယောက်ထိုင်၍ လက်ဖက်ရည်သောက်နေကြလေ၏။ နှစ် ယောက်စလုံး အသက်သုံးဆယ် ခန့်သာ ရှိကြသေးသော် လည်း တစ်ယောက်က ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်များ တစ်ခေါင်းလုံး ဖြူဖွေးနေကာ အခြားတစ်ယောက်ကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် နားလေးနေသူ ဖြစ်လေ၏။ ဆံပင်ဖြူသူက ပြော လိုက်သော စကားများ ကို နားလေးသူက သူ၏ လက်ဝါးကလေးကို နားရွက် နောက်တွင် ကာ၍ နားထောင်ရလေ၏။ နားလေးသူကို ဆံပင်ဖြူသူက 'ရွှေနား'ဟုခေါ်ကာ ဆံပင်ဖြူသူကို နားလေးသူက 'ဖိုးဖြူ'ဟု ခေါ်လေ၏။

''ဟေ့ကောင်ရွှေနား၊ အရပ်ထဲက သတင်းထူးကို မင်း ကြား ပြီးပလား''

ဟု ဖိုးဖြူက စတင်၍ မေးလိုက်လေရာ ရွှေနားက သူ၏ လက်ကလေးကို နားနောက်တွင် ကာ၍ နားထောင်လိုက်လေ၏။ သို့ သော်

သူ့လက်ကာလိုက်သည်က နောက်ကျနေပြီး ဖိုးဖြူပြောလိုက်သည်က စောနေသည် ဖြစ်ရာ ဖိုးဖြူပြောလိုက်သော စကားကို ရွှေနား သေသေ ချာချာ မကြားလိုက်ပေ။

''မင်းကလည်း လူတွေ့ ရင် အိမ်ထောင်မပြုသေးဘူးလားပဲ မေးနေတာ။ ပြုချင်တာပေါ့ ဖိုးဖြူရဲ့။ သင့်တော် တာ မတွေ့ သေးလို့ပေါ့ ကွ''

ဟု ရွှေနားက ပြန်၍ ပြောလိုက်သော အခါ ဖိုးဖြူသည် မျက်နှာ ကို ရှုံ့၍ ခေါင်းကိုကုတ်လိုက်ကာ ...

''အင်း ...ခင်ဗျားကတော့ အမြဲတမ်း တလွဲကြားနေတဲ့ သူပဲဗျို့။ ခင်ဗျားသာ အိမ်ထောင်ပြုရင်တော့ အခုလို နားကြားလွဲပုံမျိုး နဲ့ဆိုရင် တော် တော့်ကို ခက်ဦးမှာ ပဲ ကိုရွှေနားရေ''

ဖိုးဖြူက တစ်ယောက်တည်း ညည်းသလို ပြောလိုက်လေရာ ရွှေနားက သဲသဲကွဲကွဲမကြားလိုက်ပေ။

''ဟုတ်တယ် ဖိုးဖြူရဲ့၊ မင်းပြောသလိုပဲကွ အခုတလော ငါ့နားတွေ တော် တော် ပြန်ကောင်းနေတယ်ဟေ့''

''ဗျာ ...ကောင်းပေလို့ပဲ ကိုရွှေနားရယ်''

''ဘာ လက်ဖက်ရည်ဖိုး မင်းရှင်းမယ် ဟုတ်စ။ ဧကန္တတော့ ဖိုးဖြူတစ်ယောက် ပွဲပေါက်တိုးလာပြီထင်တယ်''

တစ်ခေါင်းလုံးဖြူနေသော လူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုကုတ်လိုက်ကာ ...

''ဒီမှာ ရွှေနား၊ သေသေချာချာ နားထောင်စမ်း''

ဟု အသံကို ခပ်အုပ်အုပ်လုပ်၍ ပြောလိုက်လေရာ ရွှေနားက နားရွက်နောက်တွင် လက်ကလေးကာ၍ နားထောင်လေ၏ ။ သည်တော့မှ ဖိုးဖြူ၏ စကားကို ကြားသွားကာ ...

''အေး ...ပြော ဖိုးဖြူ၊ ပြော''

''ခင်ဗျား သူဌေးဦးသာဆန်းကို သိတယ်မို့လား''

''ရှောလမ်း(ခတ္တာလမ်း)မှာ နေတဲ့ ဦးသာဆန်းမို့လား''

''အေး ...ဟုတ်တယ်၊ သိတယ်မို့လား''

''ဟာ ...ဆုံးသွားပြီဟုတ်လား၊ ငယ်ငယ်လေးရှိသေးတာပဲ''

ဟု ရွှေနားက နားကြားလွဲသွားကာ ပြောပြန်လေ၏။

''ဟာ ...လုပ်ပြန်ပြီ ရွှေနားရာ။ တလွဲတွေ လုပ်ပြန်ပြီကွာ။ မသေဘူးဟ မသေဘူး''

''ဟေ ...မသေဘူးလား။ သြော် ...ငါ့နားထဲမှာ သေပြီလို့ ကြားလိုက်လို့ပါကွာ''

''မသေဘူးကွ။ အဲဒီ ဦးသာဆန်းကြီးရဲ့အိမ်ကို ညက သူနဲ့ ချွတ်စွပ်တူတဲ့ လူတစ်ယောက် ရောက်လာတယ်''

''ဟော့ ...ဘာကွ၊ စွပ်ကျယ်နဲ့လူ ဟုတ်စ''

''ဟာ ...မဟုတ်ဘူးဟ၊ ချွတ်စွပ် ချွတ်စွပ် တထေရာတည်း တူတာ''

''သြော် ...ရုပ်တူတဲ့လူ''

''အေး ...ဟုတ်တယ်။ ရုပ်တင်မဟုတ်ဘူး အားလုံးတူတဲ့ မောင်ရေ''

''ဟေ ...အားလုံးတူတာ ဟုတ်စ။ ဘယ်သူက သိလို့လဲ''

''သူ့မယားငယ် မသန်းက သိတာပေါ့ကွ။ ဟာကွာ ဒီကောင် ဘာတွေ လျှောက်ပြောနေပါလိမ့်''

''အေး ...ပြောပါဦးဟ ဖိုးဖြူရ၊ ဒါဆိုရင် ကျွန်းတောလမ်းက

သူ့မယားငယ် မသန်းအိမ်မှာ ဖြစ်တာပေါ့''

''အေး ...ဟုတ်တယ်။ ညရှစ်နာရီလောက်မှာ ဦးသာဆန်း ရောက်လာပြီး မသန်းနဲ့ နေတယ်တဲ့ကွ။ ပြန်တော့ သူအပ်ထားတဲ့ ငွေတစ်သော င်းကို တောင်းသွားတယ်တဲ့။ အလုပ်ကိစ္စရှိလို့ဆိုပြီး ငွေတွေ ယူသွားတယ်တဲ့''

''မသန်းကို ဘယ်ခေါ်သွားတာတဲ့တုံး''

''ဟာ ...လွဲပြန်ပြီ ရွှေနားရာ။ မသန်းကိုခေါ်တာ မဟုတ်ဘူး။ ငွေ ငွေ ငွေတွေ ယူသွားတာ''

''ဩော် ...ဦးသာဆန်းကလား၊ သူ့ငွေပေါ့''

''အေး ...ဟုတ်တယ်၊ ဒါပေမဲ့ ဇာတ်လမ်းက မပြီးသေးဘူး''

''ဘာ ...ဇာတ်ပွဲသွားကြည့်တာ ဟုတ်လား။ ဘယ်မှာ ဇာတ် ကနေလို့တုံး ဖိုးဖြူရဲ့''

''မဟုတ်ပါဘူး ရွှေနားရာ။ သေသေချာချာ နားထောင်စမ်းပါ ကွာ''

''အေး ...အေး ...ပြော''

''ညဆယ်နာရီကျတော့ ဦးသာဆန်းရောက်လာတယ်''

''ဟေ ...နောက်တစ်ခေါက်လား။ ဒီလူကြီး တော် တော် တတ်နိုင်တာပဲ''

''အင်း ...ဒါမျိုးကျတော့ နားကြားက မလွဲဘူး။ အေး ... အဲဒီ တော့ သူ့မိန်းမ မသန်းက ဘာကျန်ရစ်ခဲ့လို့ ပြန်လာတာလဲလို့ မေးသတဲ့''

''အေးပေါ့ မေးရောပေါ့။ ဟိုမိန်းမကလည်း နောက်တစ်ခေါက် ပြန်လာတော့ လန့်နေမှာ ပေါ့။ အင်း ...ဒီလူကြီးကလည်း အသက် ကြီးလေ တဏှာရာဂက ကြီးလေ ဖြစ်နေပါပေါ့လေ''

''ဟာ ...ရွှေနား ဘာတွေ လျှောက်ပြောနေတာလဲ။ သေသေ ချာချာ

နားထောင်စမ်းကွာ''

''အေး ...အေး ...ငါ နားထောင်ပါတယ်။ မင်းပြောတာတွေ တစ်ခုမကျန် ငါ ကြားတယ် ဆက်ပြော''

''ဩော် ...လာသေးတယ်ဟဲ့။ အေး ...နားထောင်၊ အဲဒီ တော့ ဦးသာဆန်းက ငါ အခုမှလာတာ ဘာကျန်ခဲ့ရမှာ လဲလို့ သူ့မိန်းမကို ငေါက်သတဲ့''

''နောက်တယ် ဟုတ်လား။ အင်း ...အသက်ကြီးပြီး ပိုက်ဆံ သာရှိတာနော် ဖိုးဖြူ၊ လူက လူရွတ်လူနောက်ကြီးပဲကိုး''

''ဟာ ...လုပ်ပြန်ပြီ။ နောက်တာမဟုတ်ဘူး ငေါက်တာ ငေါက်တာဟေ့''

''ငေါက်တာ၊ ဩော် ...ဆူတာ ဆူတာ၊ သိပြီ ...သိပြီ ဆက်ပြောဟေ့''

''သူ့မိန်းမက ရှင် စောစောကတင် ငွေတွေ ယူပြီး ပြန်သွား တာလေ။ ဘာကြာသေးလို့လဲလို့ပြောတော့ ဦးသာဆန်းက အံ့ဩပြီး မေးတာပေ့ါ။ သူ့မိန်းမကလည်း အသေးစိတ်အ ဖြစ်အပျက်တွေ အကုန် လုံး ပြောပြလိုက်တယ်တဲ့''

''ဟေ ...တော် တော် လည်း အရှက်နည်းတဲ့မိန်းမပဲ။ ဒါ ကြောင့်လည်း မယားငယ် ဖြစ်တာပေ့ါ''

''ဟာ ...ဟေ့ကောင်၊ အသေးစိတ်ပြောတယ်ဆိုတာ ဦး သာဆန်းပြောသွားတာတွေ ၊ ငွေ ဘာကြောင့် လာယူရတာ ဆိုတာတွေ ပြန်ပြောပြတော့ ဦးသာဆန်းက သူ့ရင်ဘတ်ကို ဖိပြီး မေ့လဲသွားတယ် ဆိုပဲ''

''ဟေ ...ဒီသေခါနီး ကြီးက တယ်လည်း ကလက်ပါလား။ မိန်းမရင်ဘတ်ကို သူက ဖိလားဖိရဲ့''

''ဟာ ...ရွှေနား မဟုတ်ဘူးကွ။ သူ့ရင်ဘတ်ကို သူ ဖိတာ ကွ''

''ဩော် ...စိတ်ထိခိုက်သွားတာ ပြောတာထင်တယ်''

''ဟုတ်တယ်ဟေ့၊ ဟုတ်တယ်''

''နို့ ...ဘာထိခိုက်စရာရှိလို့လဲ ဖိုးဖြူရဲ့။ စောစောက သူပဲ ငွေလာယူသွားတာ မဟုတ်လား''

''မဟုတ်ဘူးကွ''

''ဟင် ...မင်းပြောတော့ ရှစ်နာရီက လာပြီး ငွေယူသွား သေးတယ်ဆို''

''အေး ...ဟုတ်တယ်၊ ဦးသာဆန်းက အဲဒါ သူမဟုတ်ဘူးလို့ ပြောနေတယ်''

''ဘာကွ၊ ဒါ ဓာတ်ရှင်ရိုက်နေတာမှ မဟုတ်တာ။ သာဆန်း နှစ်ကိုယ်ခွဲလို့ ရှိပ့ါမလား''

''အေး ...အဲဒီ လို ဖြစ်နေလို့ ပြောနေတာပေ့ါကွ''

''ဟာ ...ဖိုးဖြူရယ်၊ မင်းမလဲ ခေါင်းရှိတာပဲ၊ နည်းနည်း များ စဉ်းစားပါတော့လား သူငယ်ချင်းရယ်။ ဦးသာဆန်းက ရှစ်နာရီမှာ မသန်းဆီကို တစ်ခေါက်လာတယ်။ ပြီးတော့ သူအပ်ထားတဲ့ ငွေတွေ ယူပြီး ပြန်သွားတယ်။ ဆယ်နာရီမှာ တစ်ခေါက်ပြန်လာတယ်။ မသန်းက ရှင် ဘာကျန်ခဲ့လို့လဲလို့ ဆီးမေးတော့ သူ စောစောက မလာဘူးလို့ ပြောတယ်။ အဲဒါ သွေးသဘော လေသဘောတွေ ပေ့ါ ဖိုးဖြူရဲ့။ အသက် ကြီးတဲ့အထိ ဘာကိုမျှ မလျှော့တော့လည်း အားတွေ အင်တွေ ကုန်ခန်း ပြီး မှတ်Óာဏ်တွေ ဘာတွေ ပါ ချို့ယွင်းလာတာ ရှိမှာ ပေ့ါကွာ။ သူ တစ်ခေါက်လာတာ သူ့ဟာသူ မေ့နေတာ ရှိမှာ ပေ့ါကွာ။ သူနဲ့ ချွတ်စွပ်တူတဲ့လူက ဘယ့်နှယ်လုပ်ပြီး နှစ် ယောက်ရှိမှာ လဲကွာ။ ဒါ ဓာတ်ရှင်မှ မဟုတ်တာ။ ဦးသာဆန်း နှစ် ကိုယ်ခွဲ ပါဝင်သည်လို့ ရှိပ့ါမလား ဖိုးဖြူရာ''

''အင်း ...ဒီလိုကျတော့လည်း ဟုတ်နေပြန်ရော။ ဘယ် တော့မှ တလွဲတွေ ကြားဦးမလဲ မသိဘူး''

ဟု ဖိုးဖြူက တစ်ယောက်တည်းပြောရင်း ဆက်ပြောလေ၏ ။

''မင်းပြောသလို မဟုတ်ဘူးကွ။ နှစ် ယောက်မှနှစ် ယောက် ရွှေနားရဲ့''

''ဘာကွ၊ မသန်းက ယောက်ျားနှစ် ယောက်ရှိတယ် ဟုတ်စ။ ဒီမိန်းမကလည်း တယ်လည်း ရာဂကြီးတာကိုး''

''ဟာ ...ဟ့ကောင် ရွှေနား၊ ဘာတွေ လျှောက်ပြောပြန်ပြီ လဲ။ ဦးသာဆန်း နှစ် ယောက် ဖြစ်နေတာ တကယ်ကွ''

''ဟေ ...ဟုတ်လား ဖိုးဖြူ။ ဒါဆိုရင် ပထမလူက အစစ်လား၊ ဒုတိယလူက အစစ်လားကွ''

''ဒုတိယလူက အစစ်ကွ။ သူတို့လင်မယား ငွေတွေ တကယ် ပါသွားကြတာ''

''ဟေ ...ဒါဆိုရင် ဦးသာဆန်းနဲ့ ချွတ်စွပ်တူတဲ့ လူကြီးက မသန်းဆီကငွေတွေ လိမ်ယူသွားတာပေ့ါ။ ဟကောင် ဖိုးဖြူရဲ့ ငွေတင်မှ ဟုတ်ရဲ့လား၊ လူကိုရော''

''ဟာကွာ ဒါတော့ ဘယ်သိမလဲကွ။ မသန်းပဲ သိမှာ ပေ့ါ''

''မသန်းကရော သူ့ယောက်ျား မဟုတ်မှန်း မသိဘူးလားကွ''

''ဘယ်လိုမှ ခွဲမရအောင် ချွတ်စွပ်တူပါတယ်ဆိုမှကွာ''

''နေဦးကွ၊ ဦးသာဆန်းမှာ အမြွှာညီအစ်ကိုတွေ ဘာတွေ များ ရှိသလားမှ မသိတာ''

''မရှိပါဘူး ရွှေနားရာ။ ရှိရင် သိမှာ ပေ့ါ။ အခုတော့ ဦးသာ ဆန်းက ပုလိပ်ဘက်ကို တိုင်လိုက်ပြီတဲ့ ကိုယ့်လူ''

''ဘာကွ၊ ဦးသာဆန်းက ပုလင်းဖောက်သောက်လိုက်ပြီ ဟုတ် လား။

ဘာပုလင်းလဲ အဆိပ်တွေ ဘာတွေ လည်း ဖြစ်နေပါဦးမယ်ကွာ''

''ဟာကွာ၊ တောက်တီးတောက်တဲ့တွေ ပြောပြန်ပါပြီ။ ပုလိပ် ဘက်၊ ပုလိပ်ဘက်''

''ဩော် ...ဟုတ်လား၊ ပုလိပ်ကို တိုင်လိုက်ပြီလား။ နေပါဦး ဖိုးဖြူရဲ့ ဘာမှုနဲ့ တိုင်တာတဲ့တုံး''

''အယောင်ဆောင်လိမ်လည်မှုဆိုလားပဲကွ''

'''အင်း ...ဆန်တော့ဆန်းတာပဲဟေ့။ ဒီအတိုင်းသာဆိုရင် တော့ မသန်းတစ်ယောက် ဟန်ကျတာပေ့ါကွာ''

''ဘာ ဖြစ်လို့လဲ ရွှေနားရဲ့''

''အင်း ...မင်းစဉ်းစားလေ၊ မသန်းက ယောကျ်ားတစ် ယောက် ယူတာ နှစ် ယောက်ရနေတော့ ဟန်ကျတာပေ့ါကွ။ ဘိုးဘိုးအောင် တန်ခိုးနဲ့ နှစ် ဆတိုးတယ်ဆိုတာ ဒါမျိုး ဖြစ်မှာ ပေ့ါ ဖိုးဖြူရာ ဟား ... ဟား ...ဟား''

ဟု ရွှေနားက ခပ်အုပ်အုပ်ရယ်လိုက်လေရာ ဖိုးဖြူက မျက် စောင်းထိုး၍ ...

''သူ ကြားချင်တာကျ တန်းကြားတဲ့အကောင်။ မကြားချင် တာကြရင် တလွဲချည်း ကြားတဲ့အကောင်''

ဟု ရွှေနားကို လက်ညှိုးနှင့်ထိုး၍ ပြောလိုက်လေရာ ရွှေနားက ''အောင်မာ ဟေ့ကောင် ...ဟေ့ကောင် ငါက အစစ်နော်။ ရွှေနားဆိုတာ တစ်နားတည်းရှိတဲ့ကောင်ဟေ့''

ဟု ပြောလေရာ ဖိုးဖြူမှာ မထိန်းနိုင်တော့ဘဲ တခွီးခွီးရယ်လေ တော့၏ ။ ရယ်ရင်းမှ ...

''အေးပါ၊ နင်လိုအကောင်ကိုလည်း ဘယ်သူကမျှ အတု မလုပ် ပါဘူး

ကိုရွှေနားရယ်''

ဟု ပြောလိုက်လေတော့၏။ ရွှေနားသည် ဖိုးဖြူပြောလိုက်သော စကားကို မည် သို့ ကြားသွားသည်မသိ။ သူပါရောၡ တခွီးခွီးရယ်လေတော့ ၏။ ရွှေနားတစ်ယောက် ဘုမသိဘမသိဖြင့် တခွီးခွီးရယ်နေပုံကို ကြည့် ၍ ဖိုးဖြူသည် ပို၍ ရယ်ချင်လာကာ တခွီးခွီး ပို၍ ရယ်လေတော့၏။

''ဟဲ့ …ဟိုချောင်ထဲက ရွှေနားနဲ့ ဖိုးဖြူ ထင်တယ်။ ဘာတွေ များ ဒီလောက်သဘောကျနေကြတာလဲ''

ဟု ဘလက်ဆဲဗင်းကဖေး၏ ဆိုင်ရှင်ဒေါ်တရုတ်မကြီးက အော်၍ ပြောလိုက်သော အခါ ဆိုင်ထဲမှ လက်ဖက်ရည်သောက်နေသူ အားလုံးသည် ရွှေနားနှင့် ဖိုးဖြူထိုင်သော စားပွဲသို့ လှမ်းကြည့်လိုက် ကြလေ၏။ ထိုသို့ ကြည့်လိုက်သော အခါ အားရပါးရရယ်နေသော ရွှေနား နှင့် ဖိုးဖြူကို တွေ့ မြင်ကြလေ၏။ လူတစ်ယောက် လှိုက်လှိုက်လှဲလှဲ ရယ်နေသည်ကို တွေ့ ရလျှင် တွေ့ ရသူတိုင်းသည် ရယ်ချင်စိတ် ဖြစ်လာ တတ်သည့် ဓာတ်သဘောရှိလေရာ ဆိုင်ထဲမှ လူများ သည် အားလုံး ပြုံးစိစိ ဖြစ်သွားကြကာ ခဏကြာသော အခါ အားရပါးရ ရယ်နေသော ရွှေနားနှင့် ဖိုးဖြူကိုကြည့်၍ သူတို့ပါ မထိန်းနိုင်တော့ဘဲ တခွီးခွီးနှင့် ရယ်ကြလေတော့၏။ တစ်ဆိုင်လုံး တခွီးခွီးရယ်နေသည်ကို တွေ့ ရသော  အခါ ဘလက်ဆဲဗင်းမှ မည် းမည် းမိန်းမကြီးခုနစ်ယောက်လည်း မနေ နိုင်တော့ဘဲ တခွီးခွီးရယ်ကြလေရာ တစ်ဆိုင်လုံးသာမကဘဲ လမ်းမကြီး ပေါ်အထိ ရယ်သံများ လွှမ်းသွားသည် ဖြစ်ရာ လမ်းပေါ်မှ လမ်းလျှောက် သွားသူများ သည် သူတို့ကို လှည့်၍ ကြည့်ကြကာ ခွီးခွီးဟု ရယ်သွားကြ လေ၏။ ထိုမှတစ်ဆင့် လမ်းပေါ်တွင် သွားလာနေသော ဆိုက်ကားဆရာ များ ၊ မြင်းလှည်းဆရာများ ပါ မနေနိုင်တော့ဘဲ တခွီးခွီးနှင့် ရယ်သွား ကြလေတော့၏။ ထိုရယ်သံများ ထဲတွင် နှုတ်ခမ်းကွဲနှစ် ယောက် ဖြစ်သော ကိုတင်နှင့်ကိုခင်တို့၏ နှာခေါင်းသံကြီးများ နှင့် ရယ်သံကြီးများ ပါ ရောပါ နေသည်ကိုတော့ မည် သူမျှ သတိမထားမိကြပေ။

''ငြီး ငြီး ငြီး ဌား ဌား ဌား ငှစ် ငှစ် ငှစ်''

ဟူသော နှုတ်ခမ်းကွဲနှစ် ယောက်၏ ရယ်သံသည်လည်း အခြား ရယ်သံများ နှင့်အတူ ပျံ့နှံ့နေလေတော့သတည်း။

♥ ♥ ♥

## နတ်ရေး ငယ်ရွှေစာ

ညနေ နေဝင်ရီတရောအချိန်တွင် ဝေါမြို့ဘက်မှ မောင်းနှင်လာ သော ဂျစ်ကားအစိမ်းကလေးတစ်စီးသည် ဘုရားကြီးလမ်းဆုံသို့ ရောက် လာခဲ့လေ၏။ ထိုအချိန်တွင် မှောင်ရီသမ်းနေပြီ ဖြစ်ရာ ဂျစ်ကားမောင်းလာ သူသည် ကားမီးများကို ဖွင့်၍ ပင် မောင်းနေရလေ၏။ ကုက္ကိုပင်တန်း အနီးသို့ ရောက်သော အခါ လူတစ်ဖက်မကကြီးသော ကုက္ကိုပင်ကြီး တစ်ပင်အောက်မှ လူတစ်ယောက်ထွက်လာကာ ကားကို တားလေ၏။ ဂျစ်ကားမောင်းလာသူက ကားကလေးကို ရပ်ပေးလိုက်ကာ ကားတား သူကို ကြည့်လိုက်လေ၏။ အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ဦး ဖြစ်ပြီး အသားညိုညို အရပ်ရှည်ရှည်ဖြင့် ဖြစ်လေ၏။ ခေါင်းပေါ်တွင် သက္ကလပ် ဦးထုပ်ပျော့ကလေး ဆောင်းထားကာ ဘလေဇာကုတ်အကျႌတစ်ထည်ကို ကျကျနန ဝတ်ထားလေ၏။ လူပုံမှာ လူရည်သန့် ဖြစ်သဖြင့် လူဆိုးသူခိုး တော့ မဟုတ်တန်ရာဘူးဟု ဂျစ်ကားပိုင်ရှင်က တွေးလိုက်ပြီးလျှင် ...

''မိတ်ဆွေ၊ ဘာများ အကူအညီလိုလို့လဲ''

ဟု ဂျစ်ကားမောင်းလာသူက မေးလေ၏။

''နောင်ကြီး၊ ဘယ်အထိသွားမှာ လဲ ခင်ဗျာ''

မေးပုံမြန်းပုံကလည်း ရည်ရည်မွန်မွန် ရှိလေရာ ...

''ကျွန်တော် ရန်ကုန်အထိ သွားရမှာ ပါ''

''ဟာ ...ဒါဆိုရင် အခန့်သင့်လိုက်တာဗျာ။ ကျွန်တော် ရန်ကုန်ကို ကားကြုံလိုက်ခဲ့ပါရစေဗျာ''

ဟု ရိုရိုကျိုးကျိုး ပြောလိုက်လေရာ ကားဆရာက တစ်ချက် တွေးလိုက်လေ၏ ။ မကြာခင် မိုးချုပ်တော့မည် ။ မိမိမှာ အဖော်လည်း မပါ။ သည်လူ့ကို ခေါ်သွားရလျှင် အဖော်တော့ ရပေမည် ။ မိမိတွင် ငွေကြေးလည်း များများ ပါလာသည်မဟုတ်သဖြင့် အန္တရာယ်လည်း ရှိမည် မဟုတ်ပေဟု တွေးလိုက်ပြီး ...

''ကဲ ...ကဲ ...တက်ပါဗျာ။ ကျွန်တော် တို့ မြန်မာအမျိုးသား ချင်းပဲ အခုလို ကြုံကြိုက်တဲ့အခါမှာ ကူညီရတာ ပေါ့လေ''

ဟု ဂျစ်ကားဆရာက ခွင့်ပြုလိုက်သော အခါ ဘလေဇာကုတ် နှင့် သက္ကလပ်ဦးထုပ်ဆရာက ဝမ်းသာအားရ ဖြစ်သွားကာ ဂျစ်ကား ကလေးပေါ်သို့ တက်လေ၏ ။ အမှောင်ထုက တဖြည်းဖြည်း လွှမ်းမိုးလာ သည် ဖြစ်ရာ ဂျစ်ကားဆရာသည် သူ၏ ကားကလေးကို သတိထား၍ မောင်းနှင်လျက်ရှိလေတော့၏ ။ ဘုရားကြီးကိုကျော်၍ ပဲခူးဘက်သို့ ဝင်လာ သော အခါ ဂျစ်ကားဆရာက ...

''မိတ်ဆွေနာမည် က ဘယ်သူတဲ့တုံး''

ဟု မေးလေရာ ဘလေဇာကုတ်က ရိုရိုကျိုးကျိုးကလေး ပြန်၍ ပြောလေ၏ ။

''ကျွန်တော့်နာမည် ဘီလုံးပါ ဆရာ''

''ဗျာ ...ဘီလူး ဟုတ်စ''

ကားဆရာက အလန့်တကြား ပြန်၍ မေးလိုက်လေ၏ ။

''မဟုတ်ပါဘူး ဆရာ၊ ဘီလုံးပါ''

''ဩော် ...ကိုဘီလုံးတဲ့လား။ ခင်ဗျားနာမည် ကလည်း ခပ်ဆန်းဆန်းပဲနော်''

''ဟုတ်တယ် ဆရာ၊ အဖေမှည့်ထားတာလို့ ပြောတာပဲဗျာ''

''အို ...ကိုဘီလုံးရယ်၊ နာမည် ဆိုတာ ခေါ်စရာတစ်ခုပဲဗျာ။ ဘယ်လိုပဲမှည့်မှည့် အတူတူပါပဲလေ''

''ဟုတ်ပါတယ် ဆရာ။ ကျွန်တော် လည်း ဒီလိုပဲသတ်မှတ်ပါ တယ်''

''ကျွန်တော့်နာမည် က ကိုသက်ဆွေတဲ့ဗျ။ မှတ်ထားပါ ကိုဘီလုံး။ ဒါထက် ခင်ဗျားက ရန်ကုန်မှာ နေတာလား''

''ဟုတ်ပါတယ် ကိုသက်ဆွေ။ ကျွန်တော် ရန်ကုန်မှာ နေတာ ပါ။ ကမာရွတ်ဘက်မှာ နေပါတယ်။ အလုပ်အကိုင်ကတော့ ကုန်သည် ပေါ့ဗျာ''

''ဩော် ...ကောင်းပါပေတယ်ဗျာ။ နို့ ...လူလွတ်ပဲလားဗျ''

''ဟုတ်ပါတယ် ကိုသက်ဆွေ။ ကျွန်တော် လူလွတ်ပါ။ အိမ် ထောင် မရှိပါဘူး''

''အင်း ...ဒါလည်း တစ်မျိုးကောင်းတာပဲ။ လွတ်လပ်တာပေါ့ ဗျာ။ ကျွန်တော် က ပုလိပ်ဘက်ကပါ။ အင်စပိတ်တော် တစ်ယောက်ပါ ကိုဘီလုံး၊ ဒီနေ့အထိတော့ လူလွတ်ပေါ့ဗျာ''

''အလို ...ဆရာ့စကားက အထူးသားပါကလားဗျ''

''ဟား ...ဟား ...ဟား ...ဟား ...ဒီလိုဗျ ကိုဘီလုံးရဲ့၊ မနက်ဖြန်ဆိုရင် ကျွန်တော် မင်္ဂလာဆောင်တော့မှာ ဗျ။ ကျွန်တော့်ဇနီး လောင်းက မခင်မူတဲ့ဗျ။ စိုက်ပျိုးရေး ဘက်က ဝန်ထောက်ကြီးတစ်ယောက် ရဲ့ သမီးဗျ ကိုဘီလုံးရဲ့''

''ဩော် ...ကိုသက်ဆွေရယ်၊ မနက်ဖြန် မင်္ဂလာဆောင်မယ့် အရေး မှာ အခုထက်ထိ ခရီးသွားနေရတုံးပဲလား ဆရာရဲ့''

''ကိုဘီလုံးရေ၊ အစိုးရဘက်မှာ လုပ်တဲ့လူများ ဟာ ဒီလိုချည်း ပါပဲဗျာ။ သူ့ဆန်စားတော့လည်း ရဲရပေတာပေါ့ဗျာ။ တာဝန်နဲ့သွားရတာ ကိုယ့်လူရေ၊ ဒီလိုဗျ၊ ဝေါဘက်မှာ လူထူးလူဆန်းတစ်ယောက်ရဲ့သတင်း ကြားရလို့ ကျွန်တော့်အထက်က

အရာရှိမင်းတွေ က ကျွန်တော့်ကို စုံစမ်း ဖို့ လွှတ်ကြတာနဲ့ သွားရတော့တာပဲဗျာ''

''အလို ...လူထူးလူဆန်း ဟုတ်စ။ ဘယ်လိုပါလိမ့် ဆရာ''

''ဒီလိုဗျ ကိုဘီလုံးရဲ့။ ဝေါဘက်က ဆင်းရဲသားတွေ ကို အဘိုး ကြီးတစ်ယောက်က ငွေတွေ လိုက်ဝေငှတယ်ဆိုပဲဗျ''

''အလို ...ဒါဆိုရင် ကောင်းတဲ့ကိစ္စပဲပေ့ါ ဆရာရဲ့''

''အင်း ...ခင်ဗျားတို့ သာမန်လူတွေ ရဲ့ အမြင်နဲ့ကတော့ ကောင်းတဲ့ကိစ္စပေ့ါဗျာ။ ဒါပေမဲ့ ကျုပ်တို့ပုလိပ်ဘက်က အမြင်မှာ ကျတော့ ဒီငွေတွေ ဟာ အစစ်လား၊ အတုလား။ ဒီအဘိုးကြီးဆိုတာ ဘယ်လိုလူလဲ။ ဒီငွေတွေ ကို သူ ဘယ်ကရလာလို့ အခုလိုလိုက်ပြီး ငွေငှနိုင်တာလဲ ဆိုတာတွေ တသီကြီး ပေါ်လာတော့တာပေ့ါဗျာ''

''နို့ ...အခုလို ဆရာသွားထောက်လှမ်းတော့ တွေ့ ခဲ့ရဲ့လား''

''အဲဒီ အဘိုးကြီးဆိုတာကိုတော့ မတွေ့ ရပါဘူးဗျာ။ ဒါပေမဲ့ သူ ဝေခဲ့တဲ့ ငွေစက္ကူတွေ တော့ တွေ့ ခဲ့ပါတယ်။ ငွေစက္ကူတွေ က အစစ် တွေ ပါ''

''ဒါဆိုရင် သူ့မှာ ပေါများ လို့ လှူဒါန်းတဲ့သဘော ထင်ပါရဲ့ ဗျာ''

''အင်း ...စဉ်းတော့ စဉ်းစားစရာပေ့ါဗျာ။ လှူမယ်တန်းမယ် ဆိုရင်လည်း တခြားနည်းတွေ နဲ့ လှူရင်ရတာ ပဲ။ ဂုဏ်တောင် ပိုရှိသေးရဲ့ မဟုတ်လား။ အခုဟာက လူတွေ ကို လိုက်ဝေပေးတယ်ဆိုတော့ စည်း ရှုံးတဲ့သဘောပါနေတာပေ့ါ ကိုဘီလုံးရဲ့။ ဒီတော့ အင်္ဂလိပ်အစိုးရက ချက်ချင်း သွားပြီး စုံစမ်းခိုင်းတော့တာပေ့ါဗျာ''

''ဩော် ...ဒီလိုလား၊ အင်္ဂလိပ်အစိုးရက သူ့ကို တော် လှန် မှာ ကို အင်မတန် စိုးရိမ်တာကလား ဆရာကိုသက်ဆွေ''

''ဟုတ်တယ် ကိုဘီလုံးရေ၊ အဲဒါကို အမြဲသတိထားနေတာဗျို့။ ဟင်

...ဘယ်လို ဖြစ်ပါလိမ့်''

ဟု အင်စပိတ်တော် ကလေး ကိုသက်ဆွေးက ပြောရင်း ဂျစ်ကားကလေးကို စက်ရှိန်လျှော့၍ ရပ်လိုက်လေ၏ ။

''ဟင် ...ကား ဘာ ဖြစ်လို့လဲ ကိုသက်ဆွေ''

''ကား ဘာမျှမ ဖြစ်ဘူးဗျို့။ လူ ဖြစ်တာ''

''ဗျာ ...ကိုသက်ဆွေ နေမကောင်းဘူးလား''

''ဗိုက်ထဲမှာ တော် တော် နာနေလို့ဗျို့။ နေ့လယ်က အစာစုံသွား တယ်ဗျ။ ကဲ ...ခင်ဗျားကားစောင့်ထားလိုက်ဗျာ။ ကျွန်တော် မရတော့ ဘူးဗျို့။ ဟိုနားက တောစပ်မှာ ခဏသွားပြီး တောထိုင်လိုက်ဦးမယ်''

''ဟုတ်ကဲ့ပါ ဆရာကိုသက်ဆွေ။ သွားပါ ခင်ဗျာ။ ကျွန်တော် ကားစောင့်နေလိုက်ပါ့မယ်''

အင်စပိတ်တာကိုသက်ဆွေသည် ဂျစ်ကားကလေးပေါ်မှ ခပ်သုတ်သုတ်ခုန်၍ ဆင်းလိုက်ကာ မနီးမဝေးရှိ တောစပ်ကလေးသို့ ဝင် သွားလေ၏ ။ အချိန်အတော် ကလေးကြာမှ ဒယီးဒယိုင်နှင့် ပြန်ရောက် လာလေ၏ ။

''ဟင် ...ဆရာကိုသက်ဆွေ နေမကောင်းဘူးလား''

ဟု ကားစောင့်နေသော ဘီလုံးဆိုသူက ပျာပျာသလဲနှင့် မေးလေ၏ ။

''အေးဗျာ၊ ကျွန်တော် ဝမ်းပျက်နေပြီဗျို့။ ဝမ်းတော် တော် ကလေး သွားလိုက်တာ။ လူလည်း နုံးခွေသွားတယ် ကိုဘီလုံးရေ။ ခြေ ထောက်တွေ တောင် ကြွက်တက်ချင်သလို ဖြစ်လာတယ်ဗျ''

''ဟာ ...ဒါဆိုရင် ဆရာကိုသက်ဆွေ ရိုးရိုးဝမ်းသွားတာမှ ဟုတ်ရဲ့လား။ ဝမ်းရောဂါ ဖြစ်ချင်တာများ လား''

''အေးဗျ၊ ကျွန်တော် လည်း ခင်ဗျားတွေ းသလို တွေ းမိတယ်''

''ဒါဆိုရင် ဆရာကိုသက်ဆွေ ကားမမောင်းနဲ့တော့။ ကျွန်တော် ဆက်ပြီးမောင်းမယ်''

''ဟင် ...ခင်ဗျား ကားမောင်းတတ်သလား''

''မောင်းတတ်ပါတယ် ဆရာ''

''ဟာ ...နေရာကျလိုက်တာဗျာ။ ကဲ ...ဒါဆိုရင်လည်း မောင်းပေတော့ဗျာ''

ဟု အင်စပိတ်တာကိုသက်ဆွေက ပြောလိုက်သော အခါ ဘီလုံး ဆိုသူက ဒရိုင်ဘာနေရာတွင် ဝင်၍ ထိုင်လိုက်လေ၏ ။ ကားကလေးကို စက်နှိုး၍ မောင်းထွက်လာလေတော့၏ ။ ခရီးအတန်းငယ်ရောက်လာသော အခါ နောက်မှီတွင် မှိန်းနေသော အင်စပိတ်တာကိုသက်ဆွေက ...

''ကိုဘီလုံး ကားကို ခဏရပ်ပါဦးဗျာ။ ကျွန်တော် ဗိုက်နာလာ ပြန်ပြီဗျို့''

ဟု ပြောလေ၏ ။ ဘီလုံးဆိုသူက ကားကို ရပ်ပေးလိုက်သော အခါ ကိုသက်ဆွေသည် ကားပေါ်မှဆင်း၍ တောထိုင်ရန်နေရာကို ရှာလေ၏ ။

''အင်း ...ခင်ဗျားလည်း ကျူပ်ကားကို ကားကြုံစီးမိခါမှ ပင်ပန်းနေတော့တာပဲ။ ကျွန်တော် ဖြင့် ခင်ဗျားနဲ့သာ အခုလိုမတွေ့ ရင် ဒုက္ခတော် တော် ရောက်နေမှာ ဗျို့''

''ရပါတယ် ဆရာကိုသက်ဆွေ။ စောစောက ဆရာပြောသလို ပေါ့ဗျာ။ မြန်မာလူမျိုးအချင်းချင်းပဲလေ''

''ကဲ ...ဒါဆိုလည်း ခဏစောင့်ပါဦးဗျာ။ ကျွန်တော် တော ထိုင်လိုက်ဦးမယ်''

ဟုပြောကာ အင်စပိတ်တော် ကလေးသည် တောစပ်သို့ ဝင်

သွားလေတော့၏ ။ အချိန်တော် တော် ကြာသည်အထိ ပြန်မလာသော အခါ ဘီလုံးဆိုသူသည် အင်စပိတ်တာကလေးအတွက် စိတ်ပူလာလေတော့၏ ။ ဟင် ဒီလူ ကြာလှချည်လား။ လိုက်ကြည့်ဦးမှပဲဟု တစ်ယောက်တည်း ပြောကာ တောစပ်ကလေးဘက်သို့ လိုက်ခဲ့လေ၏ ။ တောစပ်သို့ မရောက် မီ ကြီးပင်ကြီးတစ်ပင်အောက်သို့ ရောက်သော အခါ လူတစ်ယောက် လဲနေသည်ကို တွေ့ ရလေရာ ဘီလုံးဆိုသူက အပြေးသွား၍ ကြည့်မိ လေ၏ ။

''ဟင် ...ဆရာကိုသက်ဆွေပါလား။ ဟာ ...ဒီလူ အခြေ အနေ တော် တော် ဆိုးနေမှပဲ''

ဟု တစ်ယောက်တည်းပြောကာ ...

''ကိုသက်ဆွေ ...ကိုသက်ဆွေ''

ဟု လှုပ်၍ ခေါ်ကြည့်လေ၏ ။ ကိုသက်ဆွေက လေသံဖျော့ဖျော့ ကလေးနှင့် ပြန်၍ ...

''ကို ဘီ လုံး ပဲခူးဆေးရုံ ပို့ ပေးပါ''

ဟု တိုးတိုးကလေး ပြောလေရာ ...

''ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ''

ဟု ပြောလိုက်ပြီးလျှင် အင်စပိတ်တာကိုသက်ဆွေကို ပွေ့ထူ၍ ပခုံးပေါ်သို့ တင်ကာ သယ်ဆောင်လာခဲ့လေတော့၏ ။ ကိုသက်ဆွေကို ကားနောက်ခုံပေါ်သို့ တင်လိုက်ပြီးသော အခါ ဘီလုံးဆိုသူသည် ကား ကလေးကို စက်နှိုး၍ စက်ကုန်ဖွင့်ပြီး မောင်းလေတော့၏ ။ အင်စပိတ်တာ ကိုသက်ဆွေ၏ အသက်သည် မိမိလက်ထဲတွင် ရှိနေသည်ကို သိနေသော ဘီလုံးဆိုသူက ကားကို သတိဝီရိယထား၍ မောင်းနှင်ခဲ့လေရာ မကြာ မီမှာ ပင် ပဲခူးမြို့ထဲသို့ ရောက်လာခဲ့ပြီးလျှင် ဆေးရုံသို့ တန်း၍ မောင်း ခဲ့လေတော့၏ ။

ဆေးရုံသို့ ရောက်သော အခါ အင်စပိတ်တာကိုသက်ဆွေကို ပခုံးတွင် ထမ်း၍ ဆေးရုံထဲသို့ ဝင်ခဲ့ကာ ဆရာဝန်နှင့် ဆရာမကြီးများ ကို အကျိုးအကြောင်း ပြောပြလိုက်လေ၏ ။ ဆရာဝန်နှင့် ဆရာမကြီးများ လည်း ပုလိပ်ဘက်မှ အရာရှိကလေးတစ်ယောက် ဖြစ်လေရာ အဆော တလျင် ကုသကြရလေ၏ ။ ကားကြုံလိုက်လာသော ဘီလုံးဆိုသူကလည်း အခုမှမြင်တွေ့ ဖူးသည့် ကိုသက်ဆွေကို လေးစားခင်မင်သွားမိသည့် အတွက် တစ်ညလုံး စောင့်ကြပ်နေခဲ့လေ၏ ။ ကိုသက်ဆွေ၏ အခြေ အနေမှာ စိုးရိမ်ရသည့် အခြေအနေရှိနေရာမှ မိုးလင်းခါနီး တွင် မှ ကောင်းမွန်လာခဲ့လေ၏ ။ သည်တော့မှ ဆရာဝန်ကြီးက ဘီလုံးကို အခြေအနေပြောပြလေတော့၏ ။

''ခင်ဗျားလည်း ပုလိပ်ဘက်ကပဲလား။ အင်စပိတ်တာကလေး ကတော့ စိတ်ချရပါပြီ။ ခင်ဗျားကယ်လိုက်လို့ ဒီလူအသက်ရှင်တာဗျို့။ ခင်ဗျားသာပါမလာရင် ဒီလူ့အသက်ကို ဘယ်လိုမျှ မီမှာ မဟုတ်ဘူးဗျ''

ဟု ပြောလေရာ ဘီလုံးက သူ ပုလိပ်ဘက်မှ မဟုတ်ကြောင်း နှင့် ကားကြုံလိုက်လာခြင်း ဖြစ်ကြောင်းကို ပြောလေရာ ဆရာဝန်ကြီးက ပို၍ အံ့သြသွားလေတော့၏ ။

''ဒီလိုပဲ။ ကိုဘီလူးရေ၊ လူ့အသက်ဆိုတာ သေနေ့မစေ့သေးရင် ရှင်ဖို့အကြောင်းက ကြုံဖန်ပြီး ပေါ်လာရတာ ပေါ့ဗျာ''

ဟု ဘီလုံး၏ နာမည် ကို မှား ၍ ခေါ်လေရာ ဘီလုံးက ...

''ကျွန်တော့်နာမည် ဘီလုံးပါ ဆရာ''

ဟု ပြင်ပေးတော့မှ ...

''သြော် ...ကိုဘီလုံး၊ ကိုဘီလုံး ဆောရီးဗျာ။ ကိုဘီလူး၊ အဲ ကိုဘီလုံး''

ဟု ပြော၍ အပြင်သို့ ထွက်သွားလေတော့၏ ။ အင်စပိတ်တာ ကလေး

ကိုသက်ဆွေသည် ဘီလုံးဆိုသူကို လက်ယပ်လှမ်း၍ ခေါ်လိုက် လေ၏ ။ ဘီလုံးက ကိုသက်ဆွေ၏ အနီးတွင် လာ၍ မတ်တတ်ရပ်လိုက် သော အခါ ...

''ကိုဘီလုံး၊ ထိုင်လေဗျာ။ ခုံတန်းကလေးမှာ ထိုင်ဗျ''

''ဟုတ်ကဲ့ပါ ဆရာကိုသက်ဆွေ''

ဟု ပြောရရင် ဘီလုံးက ခုံတန်းကလေးတွင် ဝင်၍ ထိုင်လိုက် လေရာ အင်စပိတ်တာကိုသက်ဆွေက ...

''အင်း ...မိုးတောင်လင်းတော့မှာ ပါလား ကိုဘီလုံးရေ''

''ဟုတ်တယ် ဆရာ။ မိုးလင်းတော့မှာ ပါ။ ဆရာလည်း အခြေအနေကောင်းသွားပြီလို့ ဆရာဝန်ကြီးက ပြောသွားတယ်ဗျ''

''အင်း ...စိုးရိမ်စရာ မရှိတော့ဘူးလို့ ပြောတာ ကိုဘီလုံးရဲ့။ ဆေးရုံက ပြန်ဆင်းလို့တော့ မရသေးဘူးဗျ''

''ဟာ ...ဆရာကလည်း ချက်ချင်း တော့ ဘယ်ဆင်းရဦးမှာ လဲ။ အသက်အန္တရာယ်က လွတ်သွားတာပဲ ဝမ်းသာရမှာ မဟုတ်လား''

''ဟုတ်ပါတယ် ကိုဘီလုံး။ ကျွန်တော့်မှာ လည်း ကိုဘီလုံးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ဗျာ''

''ဟာ ...ဒီလိုလည်း မဟုတ်ပါဘူး ဆရာကိုသက်ဆွေရာ။ လူဆိုတာ သေကံမရောက်သေးရင် ဘာပဲကြုံကြုံ မသေပါဘူးဗျ။ ဆရာ ကိုသက်ဆွေ သေကံမရောက်သေးလို့ပါ''

''ဒါတော့ ဒါပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားသာ ကားကို အမြန်ဆုံး မောင်းပြီး မပို့ခဲ့ရင် ကျွန်တော် ဒီအချိန်မှာ ဒီလိုစကား ဘယ်ပြောနိုင် တော့မှာ လဲ ကိုဘီလုံးရာ''

ဟု အင်စပိတ်တာကိုသက်ဆွေက ပြောလေရာ ဘီလုံး ဘာမျှ ပြန်မပြောတော့ဘဲ ငြိမ်၍ သာ နားထောင်နေလေတော့၏ ။

''အသက်ဘေးက လွတ်ခဲ့လို့ ဝမ်းသာရမှာ ဆိုပေမဲ့ ကျွန်တော့် မှာ က ဝမ်းမသာနိုင်အောင် ဖြစ်နေရတယ်ဗျ ကိုဘီလုံးရဲ့''

''အလို ...ဘာကြောင့်လဲ ဆရာကိုသက်ဆွေရဲ့''

''လမ်းမှာ တုန်းက ကိုဘီလုံးကို ကျွန်တော် ပြောခဲ့တယ်လေ ဗျာ။ ဒီကနေ့ ကျွန်တော့်မင်္ဂလာဆောင် ရှိတယ်လေဗျာ''

''ဟာ ...ဟုတ်ပါရဲ့ဗျာ။ ကျွန်တော် အဲဒါကို လုံးလုံးမေ့နေ တယ် ဆရာရေ။ ဟင် ...အဲဒါ ဘယ်လိုလုပ်မလဲ''

''အင်း ...အခုနေ ဆရာဝန်ကြီးက ဆေးရုံဆင်းခွင့်ပြုရင် တောင် ကျွန်တော့်အနေနဲ့ လမ်းထလျှောက်နိုင်ဦးမယ် မထင်ဘူး ကိုဘီလုံး''

''ဟင် ...ဒါဆိုရင် ဆရာ ဘယ်လိုလုပ်မလဲ''

''အဲဒါ ခင်ဗျားကိုပဲ အကူအညီတောင်းရတော့မှာ ပဲ ကိုဘီလုံး ရေ၊ အားတော့နာပါတယ်ဗျာ''

''ပြောသာပြောပါဗျာ။ ကျွန်တော် ဘာကူညီပေးရမလဲ''

''ဒါဆိုရင် ဒီလိုလုပ်ဗျာ။ ကျွန်တော့်ဂျစ်ကားကလေးကို ခင်ဗျား ယူသွားဗျာ။ ရန်ကုန်ကို မောင်းပေတော့။ ဒီမနက် ခုနစ်နာရီတိတိမှာ ကျွန်တော့်မင်္ဂလာပွဲ ရှိတာဗျ။ ဝင်ဆာလမ်း(ရှင်စောပုလမ်း)က ခြံနံပါတ် (-) မှာ မင်္ဂလာဘိသိက်သွန်းပြီး လက်ထပ်ရမှာ ။ အဲဒီ အိမ်ကြီးက ကျွန်တော့်ဇနီးလောင်းရဲ့အဖေ ကျွန်တော့်ယောက္ခမလောင်းကြီး ပိုင်တာ ဗျ။ အဲဒီ အိမ်မှာ ကျွန်တော် မင်္ဂလာပွဲကျင်းပမှာ ဖိတ်စာတွေ လည်း ကမ်းပြီးသားဗျ ကိုဘီလုံးရဲ့။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲဗျာ။ မမျှော် လင့်ဘဲ အခုလို ဖြစ်ရတဲ့ကိစ္စကို ကျွန်တော် ကရော ဘာတတ်နိုင်မှာ လဲ ဗျာ။ ဟုတ်တယ်မို့လား ကိုဘီလုံးရဲ့''

''ဟုတ်ပါတယ် ဆရာ''

''အေးဗျာ၊ အဲဒီ အကျိုးအကြောင်းတွေ ကို ခင်ဗျားကိုယ်တိုင် သွားပြီး ရှင်းပြပေးပါဗျာ။ ပြီးတော့ ကျွန်တော် ဒီဆေးရုံမှာ ရှိနေတာ ကိုလည်း စီအိုင်ဒီက အင်စပိတ်တာကြီးတွေ ကို အကြောင်းကြားပေးပါ ဗျာ''

''ဆရာ့ဇနီးလောင်းနဲ့ သူ့မိဘတွေ က စိတ်ဆိုးကုန်ကြရင် ဘယ့်နှယ်လုပ်မလဲ ဆရာ''

''ဒါကတော့ ကျွန်တော့်ကံပေ့ါ ကိုဘီလုံးရယ်။ မခင်မူနဲ့ ကျွန် တော် ဖူးစာကံ တကယ်ပါခဲ့လို့ရှိရင်တော့ ဘယ်လိုအကြောင်းပဲ ကြုံကြုံ ဆုံဆည်းရမှာ ပါဗျာ။ ကဲ ...ကိုဘီလုံး၊ ဘယ်လိုမှုတော့ မအောက်မေ့ ပါနဲ့ဗျာ။ အချိန်မနှောင်းခင်သွားပြီး အကြောင်းကြားပေးပါဗျာ''

''ကောင်းပါပြီ ဆရာကိုသက်ဆွေ။ ဆရာ ကျန်းမာရေး ကိုသာ ဂရုစိုက်ပေတော့ဗျာ။ ကျွန်တော် အခုပဲ သွားပြီဗျို့''

ဟု ပြောပြောဆိုဆိုဖြင့် ဘီလုံးဆိုသူက ဆေးရုံထဲမှ ထွက်လာ ကာ ဂျစ်ကားကလေးကို စက်နှိုးလိုက်လေ၏ ။ စက်နှိုးသွားသည်နှင့် လေးညို့မှ လွှတ်သော မြားတစ်စင်းနှယ် စက်ကုန်ဖွင့်၍ မောင်းလေတော့ ၏ ။ ရန်ကုန်-ပဲခူးလမ်းတစ်လျှောက်မှ ရွာကလေးများ ကို တစ်ရွာပြီး တစ်ရွာ ကျော်လာခဲ့လေရာ တဖြည်းဖြည်းနှင့် လှည်းကူးမြို့ကလေးသို့ ရောက်လာခဲ့လေ၏ ။ လှည်းကူးကို ကျော်လာခဲ့ပြီး ထောက်ကြံ့အရောက် တွင် ဂျစ်ကားကလေးသည် ထိုးရပ်သွားလေတော့၏ ။ ဘီလုံးဆိုသူလည်း ကားပေါ်မှ ကပျာကယာဆင်းကာ စက်ဖုံးကိုဖွင့်၍ တတ်သလောက် စစ်ဆေးကြည့်ရှုလေ၏ ။ သို့ သော် ဘာ ဖြစ်မှန်းမသိအောင် ဖြစ်နေစဉ် ပုလိပ်သားကလေးနှစ် ယောက် ရောက်လာကာ ဘီလုံးအား ဆလံပေး ကြလေ၏ ။

''ဆရာ စီအိုင်ဒီကမို့လား။ ဘာအကူအညီလိုသလဲ ပြောပါ ဆရာ''

ဟု ပုလိပ်သားကလေးနှစ် ယောက်က ပြောလေရာ ရုတ်တရက် တော့ ဘီလုံး ကြောင်သွားလေ၏ ။ သို့ သော် ကားတွင် စီအိုင်ဒီနံပါတ် ပါရှိသည်ကို တွေ းမိတော့မှ ချက်ချင်း ဣန္ဒြေဆည်ကာ ...

''အေးကွာ၊ မင်းတို့နားလည်ရင် ငါ့ကားကို နည်းနည်း ကြည့် ပေးကြပါကွာ''

ဟု ပြောလိုက်ရလေ၏ ။ ပုလိပ်သားကလေးနှစ် ယောက်လည်း အင်ဂျင်ကို သေသေချာချာ စစ်ဆေးကြည့်ရှုကာ နှစ် ယောက်သား တဒီး ဒီးနှင့် ပြောကြဆိုကြကာ ကားကလေးကို ပြင်လေ၏ ။ သို့ သော် ကားမှာ ချက်ချင်း ပြန်ကောင်းမလာဘဲ နာရီဝက်လောက်ကြာတော့မှ စက်နှိုး၍ ရလာလေတော့၏ ။

''ကျေးဇူးပါပဲကွာ။ ဒါထက် မင်းတို့နာမည် တွေ ဘယ်လိုခေါ်သလဲကွ''

ဟု ဘီလုံးက ခပ်တည်တည်ပင် မေးလိုက်သော အခါ ...

''ကျွန်တော့်နာမည် က ခင်ဝင်းပါ ဆရာ။ သူ့နာမည် က အောင်လှပါ''

''အေး ...အေး ...မင်းတို့ ဒီထောက်ကြွံဂိတ်ကပဲလား''

''ဟာ ...မဟုတ်ဘူး ဆရာ။ ကျွန်တော် တို့က လှည်းကူးဂိတ် ကပါ။ ကိစ္စရှိလို့ ထောက်ကြံ့ကို လာတာပါ ဆရာ။ အခုပဲ လှည်းကူးကို ပြန်ကြတော့မလို့ပါ''

''ဪ ...ကဲ ...ခင်ဝင်းနဲ့ အောင်လှ ငါ သွားတော့မယ်''

ဟု ဘီလုံးက နှုတ်ဆက်၍ ဂျစ်ကားကလေးကို မောင်းထွက် လာခဲ့လေ၏ ။ အင်း ...ခြောက်နာရီတောင် ခွဲပြီပဲ။ ခုနစ်နာရီဆိုရင် ဆရာကိုသက်ဆွေ မင်္ဂလာပွဲက စတော့မှာ ပဲ။ ဘယ်လိုလုပ်ရပ့ါမလဲဟု ဘီလုံးက တစ်ယောက်တည်း တွေ းရင်း ကားကို ခပ်မှန်မှန် မောင်းလာ ခဲ့လေ၏ ။ စောစောကလောက် မြန်မြန်မမောင်းရဲတော့ပေ။ နောက်တစ်ခါ ကားပျက်သွားလျှင် မင်္ဂလာပွဲကို အချိန်မီ မရောက်မည် ကို စိုးရိမ်သော ကြောင့် ဖြစ်လေ၏ ။

ကားကလေး ကမာရွတ်သို့ ရောက်သော အချိန်တွင် ခုနစ်နာရီ ထိုးလေပြီ။ ဘီလုံးလည်း သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက် ကာ အေးလေ ဆရာကိုသက်ဆွေရဲ့ဘဝကို ထပ်ပြီးကယ်ရတော့မှာ ပဲ။ ဒီတစ်နည်းပဲ ရှိတော့တယ်ဟု သူ တစ်ယောက်တည်း ပြောလိုက်ကာ ဂျစ်ကားကလေးကို ကမာရွတ်ဘူတာရုံဘက်သို့ ချိုးဝင်လိုက်လေ၏ ။ ပြီးလျှင် ခြံဝင်းတစ်ခုထဲသို့ ဝင်ကာ ရပ်လိုက်လေ၏ ။ ဘီလုံး သူ့အိမ်သို့ ဝင်လိုက်ခြင်း ဖြစ်လေ၏ ။ တံခါးကို အိတ်ထဲမှ သော့ တွဲ နှိုက်၍ ဖွင့်လေ၏ ။ အိမ်ထဲသို့ သူ ခပ်သုတ်သုတ်ဝင်လိုက်သည်။ အိပ်ခန်းထဲသို့ ဝင်ကာ ဗီရိုကိုဖွင့်၍ ကနုတ်ပန်းများ ဖော်ထားသော သေတ္တာပြားပြားကလေး တစ်လုံးကို ထုတ်ယူလိုက်ကာ စားပွဲပေါ်သို့ တင်လိုက်လေ၏ ။ ထို့နောက် သေတ္တာကလေးကိုဖွင့်လိုက်ကာ အတွင်း းမှ ရွှေချထားသော မျက်နှာဖုံး တစ်ခုကို ထုတ်ယူလေ၏ ။ ပြီးလျှင် ခေါင်းမှဦးထုပ်ကို ချွတ်လိုက်ကာ ရွှေရောင်မျက်နှာဖုံးကို မျက်နှာတွင် ကပ်လိုက်လေ၏ ။ ပြီးလျှင် ဘီလုံး၏ နှုတ်မှ တစ်စုံတစ်ခုကို ရွတ်လိုက်ကာ ကိုသက်ဆွေ၏ မျက်နှာကို အာရုံ ပြုလေ၏ ။ ပြီးတော့ သတိုးသားဝတ်စုံဝတ်ထားသော ကိုသက်ဆွေကို အာရုံပြုကာ ပါးစပ်မှလည်း စာသားတစ်ခုကို ရွတ်ဖတ်လေရာ ဘီလုံး သည် လေထဲတွင် ဂျင်တစ်လုံးကဲ့သို့ လည်သွားလေတော့၏ ။ ခြေ ထောက်တစ်ဖက်ကိုမြှောက်၍ ခြေထောက်တစ်ဖက်တည်းသာ ခြေဖျား ကလေးထောက်ထားလေရာ ဂျင်ကဲ့သို့ လည်နေခြင်း ဖြစ်လေ၏ ။ လည် ပတ်နေခြင်း ရပ်သွားသော အခါ ဘီလုံးမဟုတ်တော့ဘဲ သတို့သားဝတ်စုံ ကို အကျအနဝတ်ထားသည့် အင်စပိတ်တာကိုသက်ဆွေ ဖြစ်နေလေ တော့၏ ။

တိုက်ပုံအကျႌ၊ ပိုးလုံချည်နှင့် ခေါင်းပေါင်းတို့ကို ကျကျနန ဝတ်ထားသော အင်စပိတ်တာကိုသက်ဆွေသည် မှန်ဘက်သို့ လှည့်ကာ သေသေချာချာ ကြည့်လေ၏ ။ ပြီးလျှင် မှန်ထဲတွင် သတို့သမီးကို လက် ချင်းချိတ်၍ လျှောက်သည့်ဟန်ကို နှစ် ခေါက်သုံးခေါက် လုပ်ကြည့်လေ၏ ။

စိတ်တိုင်းကျသွားတော့မှ မှန်ကိုကြည့်ကာ ဧည့်သည်များ အား ကြိုဆို ဟန် နှုတ်ဆက်ဟန်တို့ကို အလေ့အကျင့်ကလေး လုပ်ကြည့်လိုက်သေး သည်။ ပြီးလျှင် နံရံပေါ်မှ နာရီကို ကြည့်လိုက်လေရာ ရှစ်နာရီထိုးခါနီး နေသည်ကို တွေ့ လိုက်ရလေရာ အင်စပိတ်တာကိုသက်ဆွေက ခြေလှမ်း ကို ခပ်မှန်မှန်နင်းကာ အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏ ။ အိမ်တံခါးကို သော့ ခတ်လိုက်ပြီးနောက် ဂျစ်ကားပေါ်သို့ တက်ကာ မောင်းထွက်ခဲ့လေတော့၏ ။

ထိုအချိန်တွင် ဝင်ဆာလမ်း(ရှင်စောပုလမ်း)ရှိ မခင်မူတို့၏ အိမ်တွင် မင်္ဂလာအခမ်းအနား ကျင်းပရန် ဧည့်ပရိသတ်လည်း အတော် ကလေး စုံနေပြီ ဖြစ်ရာ သတို့သားမှာ ရောက်မလာသေးသဖြင့် အားလုံး မျက်စိမျက်နှာပျက်နေကြလေတော့၏ ။ စီအိုင်ဒီမှ အင်စပိတ်တာများ ကလည်း ကိုသက်ဆွေသည် ဝေါဘက်သို့ တာဝန်တစ်ခုဖြင့် သွားခဲ့လေ ရာ ညကအထိ ပြန်မရောက်ကြောင်းကို သတို့သမီး မခင်မူကို ပြောပြ လေရာ သတို့သမီး၏ မိဘများ ရော သတို့သမီးပါ စိတ်ပူသွားကြလေ၏ ။ ဧည့်သည်များ ကလည်း သတို့သားရောက်မလာသဖြင့် စိတ်ပူ ကာ တီးတိုး တီးတိုးပြောကုန်ကြလေ၏ ။ သတို့သမီးနှင့် မိဘများ ကသာ အခြေအနေကို ထိန်း၍ ပြောပြကာ ဧည့်ခံထားရလေ၏ ။ စီအိုင်ဒီမှ အင် စပိတ်တာများ လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်နှာပျက်နေကြလေတော့၏ ။ ထိုအချိန်မှာ ပင် သတို့သားဝတ်စုံကို အကျအနဝတ်ဆင်ထားသော အင်စပိတ်တာကိုသက်ဆွေ၏ ဂျစ်ကား ကလေးက ခြံဝင်းထဲသို့ ခပ်မှန်မှန်မောင်းဝင်လာကာ ကားပေါ်မှ သတို့ သားကိုသက်ဆွေက ဣန္ဒြေရရ ဆင်းလာခဲ့လေတော့၏ ။ သည်တော့မှ အင်စပိတ်တာကြီးများ နှင့် သတို့သမီးဘက်မှ မိဘများ ရော ဆွေမျိုးများ ပါ စိတ်အေးသွားကြရလေတော့၏ ။ ကိုသက်ဆွေကလည်း သတို့သမီး မခင်မူကို လက်ချင်းချိတ်ကာ ဧည့်ပရိသတ်များ ကို မိမိနောက်ကျသွား သည့်အတွက် ခွင့်လွှတ်ပါရန်နှင့် မိမိသည် မင်းကြီး၏ တာဝန်ပေးချက်အရ ဝေါဘက်တွင်

တရားခံတစ်ယောက်ကို စုံထောက်ရန် သွားနေရသဖြင့် အချိန်မီ ပြန်ခဲ့သော်လည်း ထောက်ကြံ့တွင် ကားပျက်သွားသဖြင့် နောက် ကျရခြင်း ဖြစ်ကြောင်းများ ကို ပြောပြလေရာ ပရိသတ်များ က ကျေနပ် သွားကြသည့်အပြင် အင်စပိတ်တာကလေးကိုသက်ဆွေကို အထင်ကြီး ၍ ပင် သွားကြလေ၏ ။

''ဟုတ်တာပေါ့တော် ။ အင်စပိတ်တာကလေးခမျာ မင်းမှုထမ်း မို့လား။ မင်းမှုထမ်းဆိုတာ ဂျူတီအစ်စ်ဂျူတီပဲ မင်းကတော် ရဲ့''

''ဟုတ်ပ့ါ၊ ဟုတ်ပ့ါ။ ကျုပ်တို့အိမ်ကဟာကြီးလည်း ဒီအတိုင်း ပါပဲတော် ။ ဂျူတီအစ်စ်ဂျူတီပဲတော် ရေ့''

''အင်း ...အင်စပိတ်တာကလေးကတော့ ငယ်ငယ်ရွယ်ရွယ် နဲ့ ဒီလောက် အလုပ်ကြိုးစားနေတာတော် ။ ရှေ့လျှောက် တက်လမ်း အများ ကြီးရှိမှာ တော် ရေ''

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုကာ ပြုံးပြုံး ပြုံး ပြုံးနှင့် ကျေနပ်နေကြလေတော့၏ ။ အင်စပိတ်တာကလေးကိုသက်ဆွေ နှင့် မခင်မူတို့လည်း လက်ချင်းချိတ်ကာ စားပွဲများ တစ်ခုမကျန် လိုက် လံ ဧည့်ခံကြလေတော့၏ ။

မင်္ဂလာအချိန် ကျရောက်လာသော အခါတွင် တော့ ဧည့်ပရိသတ် များ ရှေ့မှာ ပင် ဘိသိက်သွန်းကာ စုလျားရစ်ပတ်လက်ထပ်ကြလေ၏ ။

''အင်း ...ရွှေနဲ့မြ နေနဲ့လဆိုတာ ဒီလင်မယားမျိုးကို ပြောတာ ဖြစ်လိမ့်မယ် ဝန်ထောက်မင်းရဲ့''

''သိပ်ဟုတ်တာပေ့ါ ကိုဖေငယ်ရယ်။ တကယ့်ကို ကျက်သရေ ရှိပါပေတယ်ဗျာ''

ဟု အရာရှိကြီးများ ကိုယ်တိုင်ပင် ချီးကျူးကြရလေ၏ ။ မင်္ဂလာ အခမ်းအနားပြီးဆုံး၍ ဧည့်ပရိသတ်များ လည်း နှုတ်ဆက်ကာ တဖွဲဖွဲ ထ၍

ပြန်ကြစဉ်တွင် အင်စပိတ်တာကလေးကိုသက်ဆွေသည် သူတို့ နှစ် ယောက်အတွက် ပြင်ဆင်ထားသော အိပ်ခန်းထဲသို့ ဝင်ကာ မခင်မူ၏ မှန်တင်ခုံပေါ်တွင် စာကလေးတစ်စောင်ကို တင်၍ ပေါင်ဒါဘူးနှင့် ဖိထား လိုက်လေ၏။

ပြီးလျှင် ခြံနောက်ဘက်မှ တံခါးဖွင့်၍ ထွက်လာကာ လမ်းမကြီး ပေါ်သို့ ထွက်၍ တက္ကစီကားတစ်စီးကို ငှားကာ ထွက်သွားလေတော့၏။ မင်္ဂလာပွဲကြီး အားလုံးပြီးသွားသော အခါ မခင်မူ၏ အမေက ...

''ဟဲ့ ...ခင်မူ၊ မောင်သက်ဆွေရော''

ဟု မေးလေ၏။ ထိုအခါ မခင်မူက မျက်လုံးကလေးပြူးကာ

''အမေ့သမက် အပေါ်ထပ်တက်သွားတယ် ထင်တယ်။ နေဦး သမီးတက်ပြီး ကြည့်ချေဦးမယ်''

ဟု ဆိုကာ အပေါ်ထပ်ရှိ မိမိတို့ ကြင်စဦးဇနီးမောင်နှံ၏ အိပ်ခန်းထဲသို့ ဝင်လာခဲ့လေရာ ကိုသက်ဆွေကို မတွေ့ ရဘဲ မခင်မူက ဟိုကြည့်သည်ကြည့်လုပ်လေရာ မှန်တင်ခုံပေါ်တွင် ပေါင်ဒါဘူးနှင့် ဖိ ထားသည့် စာရွက်ခေါက်ကလေးကို တွေ့ ရလေ၏။ မခင်မူက စာရွက် ခေါက်ကလေးကို ကပျာကယာ ပြေး၍ ယူလိုက်ကာ ဖွင့်၍ ဖတ်ကြည့်လေ ၏။

မခင်မူ

ဆရာကိုသက်ဆွေ ပဲခူးဆေးရုံမှာ တက်နေရတယ်။ အမြန်လိုက်သွားကြပါ။ ဆရာကိုသက်ဆွေကို ကျွန်တော် နှုတ်ဆက်ခဲ့တယ်ဆိုတာလည်း ပြော ဖြစ်အောင် ပြောပြလိုက် ပါဗျာ။

''အလို ...ဒါက ဘာသဘောလဲ။ ကိုကိုက ပဲခူးမှာ ဆေးရုံ တက်နေရတယ်ဆိုပါလား။ ဟင် ...ဒါဆိုရင် ခုနက ငါနဲ့မင်္ဂလာဆောင် သွားတာ ကိုကို မဟုတ်ဘူးပေ့ါ။ အို မဟုတ်နိုင်တာ။ ဒီစာကို ဘယ်သူက ရေး သွားတာလဲ။

အောက်က ဘီအယ်လ်ဆိုတာက ဘယ်သူပါလိမ့်။ ဟင် မ ဖြစ်ဘူး ...မ ဖြစ်ဘူး ဒယ်ဒီ့ကို ပြောမှပဲ''

မခင်မူက ပျာပျာသလဲနှင့် အောက်သို့ ပြေးဆင်းလာကာ ...

''ဒယ်ဒီရေ၊ ဒယ်ဒီ''

ဟု အလန့်တကြား ခေါ်လိုက်လေရာ ညနေခန်းတွင် ထိုင်နေ သော ဝန်ထောက်ကြီးဦးမောင်ကံနှင့် ဒေါ်မယ်လှတို့မှာ လန့်သွားကြပြီး

''ဟဲ့ ...သမီးခင်မူ ဘာ ဖြစ်တာတုံး''

ဟု ဝန်ထောက်ကြီးဦးမောင်ကံက မေးလေ၏ ။ ညနေခန်းထဲသို့ မျက်စိမျက်နှာပျက်၍ ရောက်လာသော မခင်မူက ...

''ဒယ်ဒီရေ၊ ရှုပ်ယှက်တော့ ခပ်ကုန်ပြီ''

ဟု လက်ထဲမှ စာရွက်ကိုပြပြီး ပြောလေ၏ ။

''ဟဲ့ ...ဘာ ဖြစ်လို့လဲ ခင်မူ။ ရှင်းအောင်ပြောစမ်း''

ဟု ဝန်ထောက်ကတော် ဒေါ်မယ်လှက ပြောလိုက်လေရာ

''ကိုကိုက ပဲခူးမှာ ဆေးရုံတက်နေရတယ်တဲ့ အမေ''

''ဟေ ...မောင်သက်ဆွေ ဆေးရုံတက်နေရတယ် ဟုတ်စ။ ညည်းအေ မရှူးမကောင်းနဲ့ အခုတင် မောင်သက်ဆွေနဲ့ညည်းနဲ့ မင်္ဂလာ ဆောင်ကြတာပဲ မို့လား။ မောင်သက်ဆွေက ဘယ့်နှယ်လုပ်ပြီး ပဲခူးကို ချက်ချင်း သွားဆေးရုံတက်နိုင်မှာ လဲ ခင်မူရဲ့။ ညတောင် မရောက်သေးဘူး ဘယ်လို ဖြစ်လို့ ကယောင်ချောက်ချားတွေ ဖြစ်နေတာတုံးအေ''

''ဟာ ...အမေကလည်း ဒယ်ဒီရှေ့မှာ ဘာတွေ ပြောနေ တာလဲ''

''ဟဲ ...ဟဲ ...ဟဲ ...ငါ့သမီးလေး ပျော်နေတာကို တွေ့ လို့ ပျော်ပြီး

ကျီစယ်တာပါတော် ''

''ဒယ်ဒီ ဒီစာကိုကြည့်ပါဦး''

ဟု ပြောရင်း မခင်မူက စာရွက်ကလေးကို ဦးမောင်ကံအား ပေးလိုက်လေ၏။ ဦးမောင်ကံကလည်း မခင်မူပေးသော စာရွက်ကလေး ကို ယူ၍ ဖတ်လိုက်လေ၏။

''ဟင် ...ဒါက ဘယ်လို ဖြစ်တာတုံး။ ဒါဆိုရင် ခုနက သမီးနဲ့ မင်္ဂလာဆောင်သွားတာ မောင်သက်ဆွေမဟုတ်ဘူးပေါ့။ ဟာ မဟုတ် နိုင်တာ သမီးရယ်၊ မောင်သက်ဆွေကိုယ်တိုင်ပါဟယ်။ စောစောကမှ အိမ်ပေါ်တက်သွားတာမို့လား''

''ဟုတ်တယ် ဒယ်ဒီ။ သမီး တက်ရှာတော့ ကိုသက်ဆွေကို အပေါ်ထပ်မှာ မတွေ့ တော့ဘူး။ မှန်တင်ခုံပေါ်မှာ တင်ထားတဲ့ ဒီစာ ကလေးကိုပဲ တွေ့ တယ်''

''ဟေ ...ဟုတ်လား။ ဒါဆိုရင် စာအောက်က ရေး ထားတဲ့ ဘီအယ်လ်ဆိုတာ ဘာလဲ၊ ဘီလူး''

''ရှင် ဘီလူးဟုတ်စ ကိုမောင်ကံ။ ဒါဆိုရင် သမီးလေးကို မင်္ဂလာဆောင်သွားတာ လူမဟုတ်ဘူးပေါ့။ ဘီလူးဟုတ်လား၊ အောင် မယ်လေး ကျွန်မ ကြောက်လိုက်တာရှင်''

ဟု ပြောရင်း ဒေါ်မယ်လှသည် မျက်နှာမဲ့မဲ့ကြီး ဖြစ်သွားကာ အသားများ တဆတ်ဆတ်တုန်နေလေတော့၏။

''မင်းကလည်းကွာ။ မဟုတ်ကဟုတ်ကတွေ ပြောနေပြန်ပြီ။ ငါက အတိုကောက်ရေး ထားတဲ့ စာလုံးတွေ ကို လိုက်ဖော်ကြည့်နေတာပါ။ ဘလှတို့ ဘိုးလှိုင်တို့လောက်လည်း ရတာ ပေါ့။ အင်း တော် တော် တော့ ရှုပ်နေပြီပဲ။ ကဲ ...သမီး ဘာမှစဉ်းစားမနေနဲ့။ အဝတ်အစားလဲပြီးရင် ဒရိုင်ဘာဖိုးထွန်းကိုခေါ်

ပဲခူးဆေးရုံလိုက်ကြည့်ကြမယ်''

ဟု ဝန်ထောက်ကြီးဦးမောင်ကံက ပြောလေရာ ဒေါ်မယ်လှက ဝင်၍ ...

''ဘာကိုလိုက်ကြည့်မှာ လဲ။ တော် တို့ဟာက ကျွန်မဖြင့် ဘာမျှ မသိရပါလား။ ဟို ...ဟို ဘီလူးဆိုတာကို လိုက်ကြည့်မှာ လား''

''ဟာ ...မဟုတ်ပါဘူး မယ်လှရယ်။ ဒီစာထဲမှာ က မောင်သက်ဆွေတစ်ယောက် ပဲခူးဆေးရုံပေါ်မှာ ဆေးရုံတက်နေရတယ်တဲ့။ ဒါဆိုရင် သမီးနဲ့ ခုနမင်္ဂလာဆောင်သွားတာ ဘယ်သူလဲ၊ ဘယ်ရောက် သွားသလဲ။ ဒီတော့ ရှုပ်နေတာတွေ ရှင်းသွားအောင် အခု ချက်ချင်း ပဲခူးဆေးရုံကို သွားကြည့်မယ်။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူမျှ မသိစေ နဲ့နော်။ ဒရိုင်ဘာမောင်ထွန်းတောင် မသိစေနဲ့ ကြားလား''

''ဟုတ်ကဲ့ပါ ဒယ်ဒီ''

ဟု မခင်မူက ပြောလိုက်ပြီးလျှင် ပဲခူးသွားရန် ပြင်ဆင်လေ တော့၏ ။ ခဏကြာသော အခါ ဦးမောင်ကံတို့လင်မယားနှင့် မခင်မူတို့ လိုက်ပါလာသော ဆီဒင်ကားအနီကလေးသည် ရန်ကုန်-ပဲခူးကားလမ်းမ ပေါ်တွင် ပြေးလွှားနေလေတော့၏ ။ ပဲခူးဆေးရုံသို့ ရောက်သော အခါ သားမိသားဖ သုံးယောက်သည် ဆေးရုံထဲသို့ ဝင်ကာ စုံစမ်းကြည့်ကြ သော အခါ စီအိုင်ဒီမှ အင်စပိတ်တာတစ်ယောက် ဝမ်းရောဂါဖြင့် ရောက် လာခဲ့ကြောင်းကို သိရလေ၏ ။ ဆရာမတစ်ဦးက ဦးဆောင်ခေါ်သွားသဖြင့် ကိုသက်ဆွေ၏ ခုတင်သို့ မခင်မူတို့ ရောက်ခဲ့ကြလေ၏ ။

''ဟင် ...ကိုကို ဒါက ဘယ်လို ဖြစ်တာလဲဟင်''

ဟု မခင်မူက ပြောလေရာ ကိုသက်ဆွေက လွန်စွာအားနာ ဟန်ဖြင့် ...

''ဟာ ...ဦးနဲ့ဒေါ်ဒေါ်ပါ ပါလာကြတာကိုး။ ကျွန်တော့်ကို တော့

ခွင့်လွှတ်ကြပါ ခင်ဗျာ။ ကျွန်တော် ဝေါကို တာဝန်နဲ့သွားရင်း အချိန်မီပြန်ခဲ့ပါတယ်။ ဒါပေမဲ့ လမ်းမှာ တင် ဝမ်းရောဂါ ဖြစ်ပြီး ရန်ကုန် ရောက်အောင် မပြန်နိုင်တော့ဘဲ ဒီဆေးရုံကို တက်ခဲ့ရတာ ပါပဲ ခင်ဗျာ။ လမ်းမှာ ကျွန်တော့်ကားကို ထားပြီး ကားကြုံစီးလာတဲ့ ကိုဘီလုံးဆိုတဲ့ သူ ကယ်ပေလို့သာ ကျွန်တော် အသက်ရှင်နေရတာ ပါ။ အဲဒီ ကိုဘီလုံး ကိုပဲ ရန်ကုန်ရောက်အောင် သွားပြီး မခင်မူတို့ကို အကျိုးအကြောင်း ရှင်းပြဖို့ ကျွန်တော် လွှတ်လိုက်တာပါ။ ကိုဘီလုံး လာပြီးပြောလို့ ခင်ခင် တို့ သိကြတာပေါ့နော်။ အင်း မင်္ဂလာပွဲကတော့ ပျက်သွားရပြီပေါ့။ အဲဒါ ကျွန်တော့်ကြောင့်ပါဗျာ။ ကျွန်တော် အစားအသောက် မဆင်ခြင် လို့ ဖြစ်ရတာ ပါလေ''

''ဘာကွယ့် မောင်သက်ဆွေရဲ့။ မင်းလွှတ်လိုက်တဲ့လူက နာမည် ဘာတဲ့တုံး''

ဟု ဦးမောင်ကံက မေးလိုက်လေ၏ ။

''ဘီလုံးတဲ့ ဦးရဲ့။ လူကောင်းတစ်ယောက်ပေပဲဗျာ။ သူ ကား မောင်းပြီး ဆေးရုံကို အရောက်ပို့ပေးလို့ ကျွန်တော် အသက်ရှင်ရတာ ပါ ခင်ဗျာ''

''ဟင် ...ဘီလူးဟုတ်လားကွယ့် မောင်သက်ဆွေ''

ဟု ဒေါ်မယ်လှက ဝင်၍ တုန်တုန်ယင်ယင်နှင့် မေးလေ၏ ။

''ဟာ ...ဘီလူးမဟုတ်ပါဘူး ဒေါ်ဒေါ် ဘီလုံးပါ''

''ဩော် ...တော် သေးတာပေါ့ကွယ်။ ဒေါ်ဒေါ်က ဘီလူးများ လားလို့။ ဒါဆိုရင် မနက်က သမီးနဲ့ မင်္ဂလာဆောင်ပေးသွားတာ လူ အစစ်ပေါ့နော်။ တော် ပါသေးရဲ့ကွယ်။ ငါ့သမီးလေး ဘီလူးနဲ့ မင်္ဂလာ မဆောင်ရပေလို့''

''ဗျာ ...မနက်က မင်္ဂလာဆောင်ပေးသွားတယ် ဟုတ်စ ခင်ခင်။ ဘယ်သူက ဆောင်ပေးသွားတာလဲ''

ဟု အင်စပိတ်တာကိုသက်ဆွေက မေးလေရာ မခင်မူက ...

''မနက်က ဧည့်သည်တွေ စုံတဲ့အထိ ကိုကိုက ရောက်မလာ တော့ အားလုံး စိတ်တွေ ပူပြီး မျှော်နေကြရတာ ပေါ့ ကိုကို။ အဲဒီ တုန်းမှာ ကိုကိုက သတို့သားဝတ်စုံကို ကျကျနနဝတ်ပြီး ဂျစ်ကားကလေးနဲ့ ဝင်လာတယ်။ ပြီးတော့ ဝေါဘက်မှာ တာဝန်ထမ်းဆောင်နေရလို့ နောက်ကျရတဲ့အကြောင်း ပရိသတ်ကို ရှင်းပြပြီး တောင်းပန်တယ်။ ခင်ခင်နဲ့ ကိုကို ဧည့်သည်တွေ ကို အတူတူဧည့်ခံပြီး ဘိသိက်သွန်း မင်္ဂလာဆောင်ကြတယ်။ ဧည့်သည်တွေ လည်း စဲရော ကိုကိုပျောက်သွား တာနဲ့ ခင်ခင်က အပေါ်ထပ်ကို တက်ကြည့်တော့ မှန်တင်ခုံပေါ်မှာ ဒီစာကလေးကို တွေ့ တော့တာပဲ ကိုကို''

ဟု ပြောရင်း မခင်မူက စာရွက်ကလေးကို ကိုသက်ဆွေအား ပေးလိုက်လေ၏ ။ ကိုသက်ဆွေက မခင်မူပေးသော စာရွက်ကလေးကို ဖတ်ကြည့်လိုက်ပြီးသော အခါ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့ ၏ ။

''ဒါ ကိုဘီလုံးရေး သွားတဲ့စာပဲ။ ဘယ်လို ဖြစ်တာပါလိမ့်။ ကိုဘီလုံးနဲ့ ကိုကိုနဲ့က ရုပ်ချင်းနည်းနည်း မျှကို မဆင်ပါဘူး ခင်ခင်။ ဒါ ဘယ်လို ဖြစ်တာပါလိမ့်''

''မနက်က မင်္ဂလာဆောင်ပေးသွားတာတော့ ကိုကိုမှ ကိုကို ပါပဲရှင်''

ဟု မခင်မူက ပြောလိုက်လေရာ ကိုသက်ဆွေက ခေါင်းကို ညိတ်၍ ...

''ဒီလူက ကိုကို့ရဲ့အသက်တင် ကယ်ခဲ့တာမှ မဟုတ်ဘဲ။ ခင်ခင်ရဲ့အရှက်ကိုလည်း ကယ်ခဲ့ပေတာကိုး။ တော် တော် ကို ကျေးဇူး ကြီးတဲ့လူပေပဲကွယ်။ ဒါပေမဲ့ သူက ဘယ်လို ဖြစ်လို့ ကိုကိုနဲ့ ချွတ်စွပ် တူသွားရတာလဲ။ အဲဒါတော့ ကိုကို ဘယ်လိုမျှ တွေး လို့မရဘူး ခင်ခင်''

''နေပါဦး၊ မောင်သက်ဆွေရဲ့။ မင်း အခုပြောနေတဲ့ ဒီလူက ဒီလူက ဆိုတာ ဘယ်သူတုံးကွယ့်''

ဟု ဒေါ်မယ်လှက ဝင်၍ မေးမြန်းရာ ကိုသက်ဆွေက ဒေါ်မယ်လှဘက်သို့ လှည့်၍ ကြည့်လိုက်ကာ ...

''ကျွန်တော် ပြောတဲ့ ဒီလူဆိုတာ ကိုဘီလူး''

''ဟေ ...''

''အဲ ...အဲ ...မဟုတ်ပါဘူး။ ကိုဘီလုံးကို ပြောတာပါ ဒေါ်ဒေါ်''

ဟု ပြောလိုက်လေ၏ ။ သည့်နောက်တွင် တော့ ဝန်ထောက်ကြီးဦးမောင်ကံက သည်အကြောင်းကို ဘယ်သူမှမသိအောင် အုပ်ထားရ မည် ဟု အင်စပိတ်တာကိုသက်ဆွေကို ပြောလေ၏ ။ ကိုသက်ဆွေကလည်း ဦးမောင်ကံပြောသည်ကို သဘောတူလေ၏ ။

မခင်မူတို့ သားအမိသားအဖ သုံးယောက်လည်း တိုးတိုးတိတ် တိတ်ပင် ပြန်သွားကြလေတော့၏ ။ နောက်တစ်နေ့တွင် မှ အင်စပိတ်တာ ကလေးက ရန်ကုန်သို့ တစ်ယောက်တည်း ပြန်ခဲ့လေတော့၏ ။

♥ ♥ ♥